# ငါတောလေ

- အကြောင်းကံတစ်ခု၊ ကံကြိုက်မှုကြောင့်၊
လူ၏ဘဝ၊ ယခုရလာ၊
ရသည့်အနိုက်
အလိုက်တော်သင့်၊ ချင့်၍မနေ
တပေလျှဉ်းလျှဉ်း၊ တညှဉ်းဆိုးဆိုး*
တိုးမိုက်မွေမွေ၊ ငါတောလေ။

- တရှည်တစ်လျား၊ တသွားတည်း သွား
နားလည်းမနား၊ လှည့်ကား မကြည့်
ကြည့်လည်း မသိ၊ သိလည်း မကြည့်
ကြည့်ဖို့မလို၊ သိဖို့မလို
မြင်းမိုရ်ထက်ပင်၊ မြင့်ဘဝင်ရှိ
ကောင်းကင်တခွတ်၊ ကြယ်ကိုဆွတ်မည်
ရွတ်တွကြမ်းတမ်း၊ စိတ်သရမ်းဖြင့်
ရှုးနှမ်းဘဝ၊ ငါ လှသည်ထင်။

- မြင်ဖို့တရား၊ ဗုဒ္ဓထားခဲ့။
ထားသဝထားလည်း၊ နားကြားမဖိ
သိနားမလွယ်၊ ဘယ်ဝယ်မြောက်တောင်
အမှောင်ခွင်ထဲ၊ ယောင်တဆဲလေ။
သဲသဲရုတ်ရုတ်၊ ဝဲစလုတ်၏
အရှုပ်ထဲမှာ ရှုပ်ဆဲငါ...။ ။